
ဝန်ဇင်း
Read on the move
ကျူးရင့်
အဖြူရောင် ... မုသား

ကျွန်မ လက်က နာရီကို ကြည့်လိုက်တော့ ချိန်းထားတဲ့ အချိန်ထက် မောင်က နာရီဝက် နောက်ကျနေပြီ။

မောင့်ဖုန်းကို ခေါ်ကြည့်ပေမဲ့ ဧရိယာပြင်ပ အော်နေ၏။

မောင်က အခုလို တစ်ခါမှ နောက်မကျဖူးပါ။

တကယ်လို့ နောက်ကျမယ်ဆိုရင် နောက်ကျမယ့် အကြောင်း အမြဲ အကြောင်း ကြားတဲ့ မောင် ဘာဖြစ်လို့ လဲ ကျွန်မကို စိတ်ပူရအောင် မ လုပ်ပါနဲ့ ။ မောင် မောင်လာမယ့်လမ်းကို မျှော်ကြည့်ပေမဲ့ မျှော်တဲ့ သူက ပေါ်မလာ။

နာရီလက်တံက တရွေ့ရွေ့ သွားနေသည့် တိုင် မောင် ရောက်မလာ သေး။

နားထဲမှာ မောင်ပြောတဲ့ စကားကို ကြားယောင် လာသည် ။

"လွမ်း မနက်ဖြန် မောင်တို့ တွေ့နေကျ ခရေပင်အောက်မှာ စောင့် နေနော် မောင် လွမ်းကို ပြောစရာရှိတယ် "

ပြောစရာရှိတယ် ဆိုပြီး ဘယ်လိုဖြစ်လို့ မောင် အခုထိ ရောက်မလာ သေးတာလဲ မောင်ရေ

"မောင် ကျွန်မကို တကယ် ချစ်တာရော ဟုတ်လားဟင်"

ကျွန်မ အဲဒီ မေးခွန်းမေးတော့ မောင်က လွမ်း"ဘယ်လိုထင်လဲ " ဆိုပြီး ရယ်ဟဟ ပြန်မေးမြဲ။

ကျွန်မလည်း မေးသာ မေးတာ မောင့်ဆီက "ဟုတ်တယ်" လို့ ဖြေလိုက်မှာ ကိုတော့ သေမလောက် ကြောက်မိပါ၏။

ဒီတော့ ကျွန်မ မောင်နဲ့ တွေ့ရင် အဲဒီ မေးခွန်း မမေးမိအောင် သတိထားရသည် ။

မောင်နဲ့ ကျွန်မက တက္ကသိုလ် ပထမနှစ်မှာ စတွေ့ခဲ့ကြ၏။ အဲဒီနေ့ကို မှတ်မိနေပါသေး၏။ ကျွန်မ သူငယ်ချင်းတွေနဲ့ ကင်တင်း ထိုင်နေတုန်း ကျွန်မတို့ ထိုင်နေတဲ့ မျက်စောင်းထိုးခုံမှာ မောင်တို့ အဖွဲ့ လာထိုင်ကြ၏။

ကျွန်မ သူငယ်ချင်းတွေက Eng မေဂျာက ကင်း ဘယ်လို ချောကြောင်း သူ့ crush ငါ့ crush ပြောဆိုနေချိန်မှာ ကျွန်မကတော့  စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေတဲ့ မောင့်ကို ငေးကြည့်နေခဲ့၏။ အဲဒီနေ့က မောင်ဝတ်ထားတာ အပေါ်က ရှပ်လက်တို မိုးပြာရောင်လေးနဲ့  အနက်ရောင်မှာ အပြာရောင် အစက်ကလေးပါတဲ့ ပုဆိုးကို ဝတ်ထားသည် ။ မောင်မျက်နှာက အေးချမ်းလိုက်တာ ကျွန်မလည်း ကြည့်ကောင်းကောင်း နဲ့ ငေးနေလိုက်တာ စာအုပ်ကို ပိတ်ပြီး ကျွန်မဆီ အလိုမကျစွာ စူးခနဲ ပြန်ကြည့်မှ ကျွန်မ အားနာမိသွားသည် ။

အဲဒီနေ့ကစပြီး မောင်က ကျွန်မရဲ့ အချိန် တော်တော်များများကို ပိုင်စိုးလာခဲ့၏။

မောင်က သူငယ်ချင်းတွေ ပြောတဲ့ eng မေဂျာက ကင်းလောက် မချောပါ။ မောင်က အသားတော့ တော်တော် ဖြူ၏။

မောင်နဲ့ ယှဉ်ရင် ဖြူပါတယ်ဆိုတဲ့ ကျွန်မ အသားရောင်လည်း ကျန်နေခဲ့ရော။ မောင်က ရုပ်ချောတဲ့ အထဲ မပါပေမဲ့ ယောကျ်ားပီသပြီး ကြည့်ကောင်းသည် ။ မောင့်မျက်နှာမှာ ကျွန်မ သဘောအကျဆုံးက စူးရှ

တောက်ပတဲ့ မျက်လုံးနဲ့ ထူပြည့်ပြည့် နှုတ်ခမ်းလေးကိုပါ။ ပုဆိုးနဲ့ ရှပ်လက်တို လက်ရှည်ကိုသာ အမြဲဝတ်တတ်ပြီး မောင်က ကျွန်မ အတွက်တော့ အိုအေစစ်လေးပါ။

မောင့်ကို ကြည့်လိုက်ရင် လက်ထဲမှာ စာအုပ်တစ်အုပ် အမြဲ ကိုင်ထားတာ တွေ့သည် ။ အေးဆေး တည်ငြိမ်တဲ့ မောင့်ကို ခင်ခွင့်ရဖို့ အရေး အတော် ကြိုးစားခဲ့ရ၏။ ဒုတိယနှစ်ရောက်တဲ့ အချိန်မှာ တော့ ကျွန်မတို့ အဖွဲ့နဲ့ မောင့်တို့ သူငယ်ချင်းတွေ ငယ်ပေါင်းကြီးဖော်လို ခင်သွားကြ၏။ ကျောင်းပိတ်ပေမဲ့ ကျွန်မတို့ ဖုန်းနဲ့ ဆက်သွယ် မပြတ်ခဲ့ ကျောင်းပိတ်ထားတဲ့ အချိန်တွေကို ကျွန်မ အရမ်း စိတ်ပျက်မိပါသည် ။

မောင့်ကို မတွေ့ရလို့ လေ။ မောင်က ရန်ကုန်ဇာတိ မဟုတ်လေတော့ မောင်နဲ့ တွေ့ချိန်လေးက ကျောင်းဖွင့်ချိန်လေးသာ။ ကျောင်းပြန်ဖွင့်ပြီး တစ်နေ့မှာ မောင့်ဆီက ကျွန်မ ကြားချင်တဲ့ လွမ်းကို ချစ်တယ် ဆိုတဲ့ စကား ကြားရခဲ့ရ၏။ ကျွန်မလေ အဲဒီနေ့က ပျော်လွန်းလို့ ရူးမတတ်ဖြစ်ခဲ့ရသည် ။ ကျွန်မတို့ ချစ်သူ ဖြစ်သွားတော့လည်း ကျွန်မနဲ့ မောင့်ကြားမှာ ပြဿနာလို ကြီးကြီးမားမား မဖြစ်ဖူးခဲ့။ တစ်ခါတလေ စိတ်ဆိုး စိတ်ကောက် ရှိကြပေမဲ့ မောင့်မျက်နှာ ညှိုးနေရင် မနေတတ်တဲ့ ကျွန်မကပဲ မောင့်ကို အလျှော့ပေးခဲ့ရ၏။ ဒီနေ့က မောင်နဲ့ ကျွန်မ ချစ်သူဖြစ်တာ တစ်နှစ် ပြည့်တဲ့ နေ့ပေါ့။

"ဟော လာပါပြီ ကျွန်မချစ်တဲ့ မောင် ထုံးစံအတိုင်း မောင့်လက်ထဲမှာ က စာအုပ်လေးက နေရာယူလျက် "

"တော်ပါသေးရဲ့ ရောက်လာသေးလို့ "

မောင်က ကျွန်မနဲ့ မျက်နှာဆိုင်းမှာ ဝင်ထိုင်လိုက်ပြီး

"လွမ်း ရောက်နေတာ ကြာပြီလား"

"ဟုတ် နည်းနည်းလေး ကြာသွားပြီ ကျွန်မက  မောင် မလာတော့ဘူး ထင်ထားတာ"

မောင်က  ကျွန်မ မျက်နှာကို ငေးကြည့်နေပြီး  ပြန်လည်း မဖြေခဲ့။ မောင့်ပုံစံက ထူးခြားနေသလို ခံစားရပေမဲ့ ကျွန်မ မမေးခဲ့။

ခဏနေတော့

"မောင် မင်းကို သိပ်ချစ်တယ် လွမ်း"ဆိုပြီး မောင်က ကျွန်မကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ကျွန်မရဲ့ နဖူးလေးကို ဖွဖွလေး နမ်း၏။

ကျွန်မလည်း   မောင့်ကို အရမ်း ချစ်ပါတယ် မောင် ရင်ထဲမှာ အသံတိတ် ဖြေဆိုမိ၏။

မောင့်ရင်ခွင်က နွေးလိုက်တာ မောင် ကျွန်မ ဒီရင်ခွင်မှာ တစ်သက်လုံး ခိုဝင်ခွင့် ရချင်ပါ၏။

"လွမ်း  မောင် အိမ်ကို တစ်လလောက် ပြန်ရမယ်"

"တစ်လ ဟုတ်လား မောင်"

မောင်က ကျွန်မကို ပြုံးကြည့်နေပြီး ခေါင်းညိတ်သည် ။

"အင်း တစ်လလောက် ခင်ဗျားလေးကိုတော့ မောင် လွမ်းနေတော့မှာ ပဲကွာ"

တစ်ရွာသားကို ရည်းစား ထားတော့ လွမ်းရမယ် ဆိုတာ သိပေမဲ့ ကျွန်မ မောင့်ကို ရွေးချယ်ခဲ့၏။

မောင်က ရန်ကုန်ကို ခဏခဏ လာတဲ့ သူမို့ အလွမ်းဆိုတာကို ကျွန်မ အဲလောက် မခံစားဖူးခဲ့။

"ကျန်းမာရေးကို ဂရုစိုက်ပါ လိမ်လိမ်မာမာ နေခဲ့နော် မဆိုးရဘူး

မောင့်ကို လွမ်းလို့ ဆိုပြီး ငိုမနေနဲ့ ဦး ကြားလား"

မောင်က ကျွန်မစိတ်ကို သိနေတဲ့ အတိုင်း ပြောတော့ ဝမ်းနည်းမိသည် ။ မောင်ပြောတဲ့ စကားတွေက ဘာကြောင့် အခု ကျွန်မကို ဝမ်းနည်းစေလဲ ကျွန်မ... မသိခဲ့။

မငိုပါနဲ့ ဆိုမှ ပါးပြင်ပေါ်သို့ မျက်ရည်တွေက အလုအယက် လိမ့်ဆင်းလာကြ၏။

"လွမ်းကလည်း ကလေး ကျနေတာပဲကွာ မင်း ဒီလို ငိုနေရင် မောင် ဘယ်လို လုပ်ရမလဲ မောင်က မင်းဆီက အပြီးအပိုင် ထွက်သွား"

ကျွန်မ မောင့်နှုတ်ခမ်းကို လက်ဝါးနဲ့ ပိတ်မိလိုက်ကာ

"ဟင့်အင်း မပြောပါနဲ့ မောင် ကျွန်မ မောင့်ဆီက အဲလို စကားမျိုးတွေ မကြားချင်ဘူး။ ကျွန်မ မငိုတော့ဘူးနော် မောင့်ကိုလွမ်းရင် ကျွန်မ မောင့်ဆီကို ဖုန်းဆက်လို့ ရတာပဲ၊

မောင့်ဓာတ်ပုံကို ထုတ်ကြည့်လို့ ရတယ်၊ ကျွန်မ မငိုတော့ဘူး မောင် စိတ်မပူနဲ့ ကျွန်မ အဆင်ပြေတယ် မောင် စိတ်ချပါနော် ကျွန်မ မောင် မကြိုက်တာ ဘာမှ မလုပ်ဘူး ဆိုတာ ကျွန်မ ကျွန်မ... မောင် ပြန်လာမယ့်နေ့ကို မျှော်နေမယ်"

မောင်က ကျွန်မကို ရင်ခွင်ထဲ ဆွဲပွေ့လိုက်ပြီး...

"မငိုတော့ဘူးဆို မျက်ရည်တွေ ကြည့်စမ်းပါဦး ကလေးကျနေတာပဲ
"

"မောင့်ကို အဲလောက်ထိကို ချစ်ခဲ့တာလား လွမ်း"

"ဟုတ် ကျွန်မ မောင့်ကို အရမ်း ချစ်တယ်မောင်..."

မောင်က ကျေနပ်စွာ ပြုံးလိုက်ပြီး

"မောင့်ရဲ့ လွမ်းက လိမ္မာလိုက်တာ ကြည့်စမ်း"

မောင်က ကျွန်မရဲ့ ဆံပင်ကို လက်ချောင်းတွေနဲ့ ဖွဖြစ်ကာ ကျီစေသည်။

***